**<u>ရိုးရိုးသားသား အမှား</u>**

ဖြူဖြူစင်စင်

မဆင်ခြင်ဘဲ

မိဘရိုးရာ

သက်ဝင်နေတဲ့ ဘာသာတရား။

ဆရာစဉ်ဆက်

ပုံစံခွက်ချ

ပြဌာန်းထားတဲ့

သင်ရိုးညွှန်းပြ ဒသနများ။

မှန်မှား- စံချိန်

ဆုံးဖြတ်ရာမဲ့

ယုတ္တိမဲ့လျှက်

ဦးနှောက်ကျွန်ဖြစ် ဩဝါဒများ။

ထိုထိုထွေပြား- ဝါဒများအောက်

မျိုးရိုးစဉ်ဆက် ပြားပြားဝပ်လျှက်

လမ်းစပျောက်လည်းပျောက်

ထွက်လမ်းပျောက်လျှက်

ဘဝထောင်ကျ ထွက်မရဘဲ

ငါ့မှာ- ဒုက္ခ ကြီးဘိတကား။ ။

တရားရောင်ဝါ- ထွန်းလင်းသာလည်း

မျိုးရိုးကိုငဲ့- သိက္ခာငဲ့လျှက်

ငါ့မှာ ဘယ်သို့ ထွက်ရပ့်ါ။ ။

ဒွေးလွင်ဦး

ကျမ်းမြတ်ကုရ်အံ ဓမ္မခန္ဓာ ၃၆း ၅-၁၀ အား မှီငြမ်း၍ ရေးဖွဲ့သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com